# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 1 , 2024 | Volume 75, Number 1

၁.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် နှစ်ရှည်သီးနှံဖြစ်သော ထောပတ်သီးနှံကို ကျေးရွာအုပ်စု ၁၃ စု၊ တောင်သူဦးရေ ၁၈၅ ဦးက စိုက်ကေပေါင်း ၆၅၅ ဒသမ ၉၄ ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုးများဖြစ်သော မြောက်ကျွန်းသူ ၁၊ အစေ့မဲ့မျိုးများ၊ အမရာ မျိုးနှင့် အခြားမျိုးများစွာ စိုက်ပျိုးထားရှိပြီး နိုင်ငံခြားမျိုးများဖြစ်သော ပီတာဆန် (Petrsan) ၊ Russei 034/024၊ ဘာကေးနီးယား (Buccaneer)၊ ဘွတ်-7(Boolt-7)၊ ပင်ကာတန်(Pinkertal)၊ ဟက်စ် (Hass)စသည့်မျိုးများကို ပြည်ပတင်ပို့နိုင်ရန်အတွက် တိုးချဲ့စိုက်ပျိုးလာကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ထောပတ်အစေ့စိုက်ပျိုးပင်နှင့် ကိုင်းကူးပျိုးပင်များကို အပင်ရေ ၈၀ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးသည့်စနစ်မှာ ပင်ကြား၊ တန်းကြား ၂၅'×၂၅' ပတ်လည်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အစေ့စိုက်ပျိုးပင်မှာ စိုက်ပျိုးပြီး ၅ နှစ်အကြာတွင်လည်းကောင်း၊ ကိုင်းကူးပျိုးပင်မှာ စိုက်ပျိုးပြီး ၃ နှစ်အကြာတွင်လည်းကောင်း အသီးစတင်သီးပြီး နိုဝင်ဘာလမှဖေဖော်ဝါရီလအတွင်း ထွက်ပေါ်လေ့ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ထောပတ်သီးအလုံးရေ ၅၃၆၀ လုံးခန့်ရရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် သိန်း ၄၀ ကျပ်ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသသီး တစ်လုံးလျှင် ၂၅၀-၆၀၀ ကျပ်၊ နိုင်ငံခြားမျိုး ဟက်စ်(Hass) 1Kg လျှင် ၅,၀၀၀-၉,၀၀၀ ကျပ်ဖြင့် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းအပြင် မန္တလေး၊ ရန်ကုန်၊နေပြည်တော်နှင့်နယ်မြို့များသို့ တင်ပို့လျက်ရှိပြီး

ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် ကြိုးစားလျက်ရှိကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းထံမှသိရှိရသည်။

Source: DOCA (မန္တလေး)

Source: https://commerce.gov.mm

## ငါန်းဇွန်မြို့နယ် ပဲစင်းငုံသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းသွက်



မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံသီးနှံများကို ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ၃၀,၂၉၅ ဧကရှိပြီး၊ အမှန်စိုက်ပျိုးနိုင်မှုမှာ ၃၁,၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လျာထားချက်ထက် ၁,၃၀၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ၊ ဒုတိယပတ်မှစတင်၍ ရိတ်သိမ်းထွက်ပေါ်လျက်ရှိပြီး ဇန်နဝါရီလ၊ စတုတ္ထပတ်အတွင်း စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ရာ ပျမ်းမျှ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ ဒသမ ၉၀ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မေလနှင့်ဇွန်လတို့တွင် ပဲစင်းငုံသီးနှံကို စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ရိတ်သိမ်းကြကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ပဲစင်းငုံကို သီးသန့်စိုက်ပျိုးမှုများအပြင် မြေပဲ၊ နှမ်းစသည့် သီးနှံစိုက်ခင်းများတွင် သီးညှပ်အဖြစ် ပိုမိုစိုက်ပျိုးကြကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံတစ်တင်းလျှင် ၉၀,၀၀၀ ကျပ်ခန့်ဖြင့် ဈေးဖွင့်ခဲ့ပြီး ဇန်နဝါရီလ ဒုတိယပတ်တွင် တစ်တင်းလျှင် ၁,၀၅,၅၀၀ ကျပ်ခန့်ဖြစ်ပြီး ဇန်နဝါရီလစတုတ္ထပတ်တွင် တစ်တင်းလျှင် ၁,၂၀,၀၀၀ ကျပ်ခန့် ဖြစ်ရာ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးမြို့နှင့်ကျောက်ဆည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံသီးနှံများ လှိုင်လှိုင်ထွက်ရှိနေသော်လည်း လက်ရှိအချိန်တွင် ဈေးနှုန်းကျဆင်းမှုမရှိဘဲ အရောင်းသွက်နေကြောင်း တောင်သူတစ်ဦးထံမှ သိရှိရသည်။

**Source: DOCA (မန္တလေး)**

**Source:** https://commerce.gov.mm

## မန္တလေးကုန်စည်ဒိုင် ပို့ကုန်ပဲများ ဈေးဆက်တိုက်မြင့်တက်လာ

ဇန်နဝါရီလနောက်ဆုံးအပတ် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပို့ကုန်ပဲများအရောင်းအဝယ်သွက်လာပြီး ဈေးမြင့်လာကြောင်း၊ မတ်ပဲနှင့်ပဲစင်းငုံ(နီ)မှာ အိန္ဒိယနိုင်ငံမှဝယ်လိုအားရှိနေပြီး၊ ပဲတီစိမ်းမှာ အရည်အသွေးကောင်းလျှင် ကောင်းသလောက် ဈေးကောင်း ရနေပြီး တရုတ်ဝယ်လက်မှ ဝယ်ယူနေသောကြောင့် ဈေးမြင့်လာကြောင်း သိရသည်။

**မတ်ပဲ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂,၈၁,၀၀၀မှ ၂,၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ်၂,၈၁,၀၀၀ မှ ၂,၁၅,၀၀၀၊ ယခင်လ ကျပ် ၂,၄၀,၀၀၀ မှ ၂,၁၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅,၀၀၀၊ ယခင်လထက် ကျပ် ၃၀,၀၀၀ မှ ၄၁,၀၀၀ မြင့်တက်လာသည်။

**ပဲစင်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃,၈၀,၀၀၀မှ၊ ယခင်တစ်ပတ် ကျပ် ၃,၉၀,၀၀၀၊ ယခင်လ ကျပ် ၃,၇၅,၀၀၀ မှ ၃,၈၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**ပဲတီစိမ်း(အညာ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁,၄၅,၀၀၀ မှ ၁,၈၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁,၄၀,၀၀၀ မှ ၁,၈၀,၀၀၀၊ ယခင်လကျပ် ၁,၂၅,၀၀၀ မှ ၁,၅၀,၀၀၀ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၂၀,၀၀၀ မှ ၃၀,၀၀၀ မြင့်တက်လာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာ၀င် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃,၄၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃,၂၀,၀၀၀ မှ ၃,၄၀,၀၀၀၊ ယခင်လ ကျပ် ၃,၀၀,၀၀၀ မှ ၃,၃၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၁၀,၀၀၀မှ ၄၀,၀၀၀ မြင့်တက်လာသည်။

Source: **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယဆန်တင်ပို့မှု ကန့်သတ်ခြင်းကြောင့် ပါကစ္စတန်ဆန်တင်ပို့မှု စံချိန်တင်မြင့်မား

ပါကစ္စတန်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇွန်လတွင် ကုန်ဆုံးမည့် ဘဏ္ဍာနှစ်တွင် စံချိန်တင်အမြင့်ဆုံးသို့ ခုန်တက်ဖွယ်ရှိသည်။ အိန္ဒိယဆန် တင်ပို့ရောင်းချမှုကို တားမြစ်ထားခြင်းသည် ဆန်ဝယ်ယူတင်သွင်းသည့်နိုင်ငံများကို ပါကစ္စတန်ဆန် ပိုမိုဝယ်ယူရန် တွန်းအားဖြစ်နေသည်။ ပါကစ္စတန်ဆန် အဝယ်လိုက်သဖြင့် ပါကစ္စတန်ဆန်ဈေးနှုန်းများသည် ၁၆ နှစ်တာကာလအတွင်း အမြင့်ဆုံးရောက်ရှိသွားစေသည်။

“အဓိကအားဖြင့် အိန္ဒိယနိုင်ငံက ဆန်တင်ပို့မှုရပ်သွားတဲ့အတွက် ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာ ဆန်ဝယ်လိုအား ခိုင်မာလာတာကို တွေ့ခဲ့ရပါတယ်"ဟု ပါကစ္စတန် ဆန်တင်ပို့သူများအသင်း Rice Exporters Association of Pakistan (REAP) ဥက္ကဋ္ဌ Chela Ram Kewlan ကပြောသည်။ ကမ္ဘာ့ဆန်ကုန်သွယ်မှုပမာဏ၏ ၄၀ ရာခိုင်နှုန်းနီးပါးကို ပုံမှန်တင်ပို့နေသည့် အိန္ဒိယနိုင်ငံသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ယမန်နှစ်ကတည်းက တားမြစ်ထားသည်။ ထို့ပြင် ပေါင်းဆန် ပြည်ပတင်ပို့မှုအပေါ် ပို့ကုန်ခွန်လည်း ပြဋ္ဌာန်းထားပါသည်။

ပါကစ္စတန်ဆန် တင်ပို့သည့်ပမာဏသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ သန်းအထိ ခုန်တက်သွားနိုင်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၇ သန်းတင်ပို့ခဲ့သည်ဟု Kewlani က ပြောကြားသည်။ ယခုနှစ်တွင် စပါးထွက်ရှိမှု သိသိသာသာ တိုးတက်လာသောကြောင့် ပို့ကုန်တန်ချိန် ၅ ဒသမ ၂ သန်းအထိ တင်ပို့နိုင်မည်ဟု အချို့ကဆိုကြသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၉ သန်း မှ ၉ သန်းခွဲအထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေကြီးခဲ့သဖြင့် အထွက်လျော့ကျခဲ့ပြီး တန်ချိန် ၅ ဒသမ ၅ သန်းသာ ထုတ်လုပ်ခဲ့သည်။ "ပိုမိုမြင့်မားသောထုတ်လုပ်မှုနှင့် ကမ္ဘာ့ဈေးနှုန်းမြင့်မားမှုများကြောင့် ပါကစ္စတန်ဆန် အရှိန်အဟုန်ဖြင့် တင်ပို့နိုင်စေပါတယ်။ ဒီဇင်ဘာလတစ်လတည်းမှာ ပါကစ္စတန်ဆန် တန်ချိန် ၇ သိန်းခန့် တင်ပို့နိုင်ခဲ့ပါတယ်" ဟု ကုန်သည် တစ်ဦးကပြောသည်။ "ဘာစမာတီဆန်တင်ပို့မှုမှာ တန်ချိန် ၉,၅၀,၀၀၀ အထိ ခုန်တက်သွားနိုင်ပါတယ်။ ဘာစမာတီ မဟုတ်သောဆန် တန်ချိန် ၄ ဒသမ ၂၅ သန်း အထိ တင်ပို့နိုင်လိမ့်မယ်"ဟု ၎င်းက ခန့်မှန်းပြောကြားသည်။ ပါကစ္စတန်ဆန် တင်ပို့မှုသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် ရရှိနိုင်မည်ဖြစ်သည်။ ယမန်နှစ်က ကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံရရှိခဲ့သည်ဟု ကရာချိမြို့အခြေစိုက် Institute of Business Administration မှ လက်ထောက်ပါမောက္ခ Aadil Nakhoda က ပြောကြားသည်။ အစဉ်အလာအရ ဘာစမာတီမဟုတ်သောဆန်ကို အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံထက် နိမ့်သည့်ဈေးနှုန်းများဖြင့် ရောင်းချသည်။

ယခုအခါ အိန္ဒိယနိုင်ငံက ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုရပ်ထားသဖြင့် ဝယ်လက်များသည် ပါကစ္စတန်ဆန်ကို ပိုမိုဝယ်ယူလာကြသည်။ စပါးအထွက်များသော်လည်း ပြည်ပတင်ပို့သည့် ဆန်ဈေးဂယက်ကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများ တဖြည်းဖြည်းချင်း မြင့်တက်သည်။ ၅ ရာခိုင်နှုန်း ဆန်ကွဲပါ ပါကစ္စတန်ဆန်ဖြူ ခေါ်ဈေးတစ်တန်လျှင် $640 ဝန်းကျင်ရှိပြီး ပေါင်းဆန် တစ်တန်လျှင် $680 ဝန်းကျင်ရှိသည်။ ပြီးခဲ့သည့်နှစ်က ဆန်ဖြူခေါ်ဈေး တစ်တန်လျှင် $465 ဝန်းကျင်ရှိပြီး ပေါင်းဆန်တစ်တန်လျှင် $486 ရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် လက်ရှိတွင် ဘာစမာတီမဟုတ်သောဆန်ကို အင်ဒိုနီးရှား၊ ဆီနီဂေါ၊ မာလီ၊ အိုင်ဗရီကို့စ်နှင့် ကင်ညာသို့ အဓိကတင်ပို့နေသည်။ ပရီမီယံဘာစမာတီဆန်ကို ဥရောပသမဂ္ဂ၊ ကာတာနှင့်ဆော်ဒီအာရေးဗီးယားသို့ တင်ပို့သည်။ ကမ္ဘာ့ဆန်ဈေးကွက်ထဲ အိန္ဒိယဆန်မရှိသည့်အတွက် ဗီယက်နမ်၊ ထိုင်းနှင့်ပါကစ္စတန်တို့သည် ဆန်ပိုမိုတင်ပို့နေကြသည်။ အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အာဖရိကရှိနိုင်ငံများနှင့် ပါကစ္စတန်က ထိုင်းနှင့်ဗီယက်နမ်တို့ထက် ပိုနီးသဖြင့် ပို့ဆောင်ခ သက်သာနေသည့် အားသာချက်ရှိနေသည်။

အိန္ဒိယနိုင်ငံသည် မေလရွေးကောက်ပွဲအပြီးတွင် ပို့ကုန်ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ဖွယ်ရှိသည်။ ပါကစ္စတန်ပို့ကုန်လုပ်ငန်းရှင်များသည် တစ်နှစ်ပတ်လုံးတင်ပို့မှုပမာဏ၏ သုံးပုံနှစ်ပုံခန့် တင်ပို့ထားပြီးဖြစ်သည်။ ကျန်ရှိသည့်ဆန်ကို မေလကုန်မတိုင်ခင်အကုန်လုံး တင်ပို့ကြမည်ဖြစ်သည်။ ပါကစ္စတန်လယ်သမားများသည် ၎င်းတို့၏စပါးများအတွက် စံချိန်တင်ဈေးနှုန်းများရရှိနေကြသဖြင့် လာမည့်ရာသီတွင် စပါးစိုက်ပျိုးဧရိယာ ချဲ့ထွင်ရန် အလားအလာရှိသည်။

**Source: reuters**

**Source:** https://www.foodindustrydirectory.com.mm

## ဖိလစ်ပိုင်-ဗီယက်နမ်ကြား (၅) နှစ်သက်တမ်း ဆန်ကုန်သွယ်မှုနှင့်စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

သမ္မတ မားကို့စ်၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၃၀-၁-၂၀၂၄ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ပြင်စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ အားကစားနှင့်ယဉ်ကျေးမှု၊ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံကြား လက်မှတ်ရေးထိုးခဲ့သည့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲနေခြင်း၊ ကပ်ရောဂါများနှင့် အခြားသော ပထဝီနိုင်ငံရေးတို့၏ ဆိုးကျိုးများအကြား ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရန်အတွက် ရည်ရွယ်ပါကြောင်း၊ အဆိုပါ နားလည်မှုစာချွန်လွှာအရ ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ပုဂ္ဂလိက ကဏ္ဍမှတစ်ဆင့် (၅) နှစ် ဆန်တင်ပို့ရောင်းချရန် သဘောတူညီခဲ့ပါကြောင်း၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့် တစ်နှစ်လျှင် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ သန်းကြား တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

ဆန်ကုန်သွယ်မှုအပြင် အခြားဆန်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ မူဝါဒနှင့်စည်းမျဉ်းများ၊ သတင်းအချက်အလက်များဖလှယ်ခြင်းစသည့်ကိစ္စရပ်များလည်း ပါဝင်ပါကြောင်း၊ တောင်တရုတ်ပင်လယ်ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အဆင့်မြှင့်တင်ရန်တို့ကိုလည်း ဆွေးနွေးသဘောတူညီခဲ့ကြပါကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်-ဗီယက်နမ် နှစ်နိုင်ငံကြား စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးနှင့် တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ လယ်ယာမြေများစီမံခန့်ခွဲ၊ သုတေသနနှင့် သင်တန်းများ၊ နည်းပညာရှင်များ လဲလှယ်စေလွှတ်ရေးစသည့် ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီခဲ့ကြသည်။

၁၉၉၈ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နည်းလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို ယခုထက် တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်များကိုလည်း ရင်းနှီးချစ်ကြည်စွာ ဆောင်ရွက်သွားရန်တို့ကိုလည်း သဘောတူညီခဲ့ပါကြောင်း ဖော်ပြပါရှိသည်။

Rice Tariffication Law အရ ပုဂ္ဂလိက ကဏ္ဍမှ ကုန်သည်များအနေဖြင့် ဆန်တင်သွင်းခွင့်အား ပမာဏသတ်မှတ်ချက် မရှိဘဲ လွတ်လပ်စွာတင်သွင်းခွင့်ရှိပါကြောင်း၊ NFAအနေဖြင့် ပြည်တွင်းတောင်သူများထံမှသာ ဝယ်ယူခွင့်ရှိပါကြောင်း၊ သို့ရာတွင် ပြည်တွင်းဆန်ရိက္ခာဖူလုံမှုရှိစေရန်နှင့် ဈေးနှုန်းတည်ငြိမ်ရန်အပါအဝင် အခြားသော အရေးပေါ်အခြေအနေများတွင် သမ္မတ အနေဖြင့် National Economic Development Authority နှင့် Department of Agriculture တို့၏ အကြံပြု တင်ပြချက်များနှင့်အညီ G to G တင်သွင်းခြင်းအတွက် ခွင့်ပြုနိုင်ပါကြောင်း ဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းထားသည်။

ယခုချုပ်ဆိုခဲ့သည့် (၅) နှစ်သက်တမ်း ဆန်တင်သွင်းခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာအရ ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင် နိုင်ငံသို့ ပုဂ္ဂလိက ကဏ္ဍမှတဆင့် တစ်နှစ်လျှင် ဆန်တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ သန်းကြား တင်ပို့ရောင်းချသွားမည် ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ဆန် တင်သွင်းမှုစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းခန့်မှာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး ကျန် ၁၅ ရာခိုင်နှုန်းခန့်အား ထိုင်း၊ မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယတို့မှ တင်သွင်းနေခြင်းဖြစ်ပါကြောင်း သုံးသပ်လေ့လာ

တင်ပြအပ်ပါသည်။

**Source:** https://pco.gov.ph/news_releases/ph-viet-nam-sign-agreements-on-rice-trade-agriculture-scs-incident-prevention-and-management/

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## ပင်လယ်နီတွင်ဖြစ်ပွားခဲ့သည့်အကျပ်အတည်းကြောင့် ရေနံဈေးနှုန်းမြင့်တက်လာခဲ့

ပင်လယ်နီတွင်ဖြစ်ပွားခဲ့သည့်အကျပ်အတည်းကြောင့် ရေနံဆီဈေးနှုန်း မြင့်တက်လာခဲ့ကြောင်းကို Wall Street Journal အွန်လိုင်းသတင်းတွင် ၃၀-၁-၂၀၂၄ ရက်နေ့၌ “Why Oil Prices Rose After Shrugging Off a Crisis” ခေါင်းစဉ်ဖြင့် ဖော်ပြချက်အရ သိရသည်။

ရေနံဈေးနှုန်းသည် မကြာသေးမီက ပင်လယ်နီတွင်ဖြစ်ပွားခဲ့သည့် အကျပ်အတည်းကြောင့်လည်းကောင်း၊ အခြား အခြေအနေများကြောင့်လည်းကောင်း မြင့်တက်လာခဲ့ကြောင်း၊ အစ္စရေး-ဟားမတ်စ်ပဋိပက္ခနောက်ပိုင်းတွင် ရေနံဈေးနှုန်း (၅၀) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် (၃၆) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ရေနံဈေးနှုန်းသည် ကမ္ဘာ့ရေနံထုတ်လုပ်မှုမြင့်မားလာခြင်းကြောင့် ကျဆင်းခြင်းဖြစ်ကာ နိုင်ငံတကာစွမ်းအင်အေဂျင်စီ (International Energy Agency) ၏ ထုတ်ပြန်ချက်အရ အမေရိကန်၊ ဘရာဇီးလ်နှင့် ဂိုင်ယာနာနိုင်ငံတို့ပါဝင်သည့် Non-OPEC နိုင်ငံများက ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ရေနံထုတ်လုပ်မှု လိုအပ်ချက်ထက် ပိုမိုထုတ်လုပ်နိုင်မည်ဟုမျှော်မှန်းကြောင်း၊ ကမ်းလွန်ရေနံထုတ်လုပ်မှု စီမံကိန်းများ တိုးလာခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် ရေနံထုတ်လုပ်မှု ပိုများလာနိုင်ကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုမှုတိုးလာခြင်းမှာလည်း ရေနံထုတ်လုပ်မှု လိုအပ်ချက်ကို လျော့ကျစေနိုင်ကြောင်း သိရသည်။

ဘရန့်ရေနံဈေးနှုန်း (Brent Crude Oil) သည် ယခင်ရက်သတ္တပတ်အတွင်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၈၃ ဒသမ ၅၅) ရှိပြီး (၆) ရာခိုင်နှုန်းမြင့်တက်လာခဲ့ကာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ နောက်ပိုင်းမှစတင်၍ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ယခင်ရက်သတ္တပတ်အတွင်း ယီမန်နိုင်ငံ၏ ဟူသီများက ရေနံတင်သင်္ဘောကို တိုက်ခိုက်မှုရှိခဲ့သော်လည်း ၂၉-၁-၂၀၂၄ ရက်နေ့တွင် Brent Crude Oil ဈေးနှုန်းသည် (၁ ဒသမ ၄) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံသည် ဆောင်းရာသီမုန်တိုင်းများတိုက်ခတ်ပြီး အပူချိန်ကျဆင်းမှုကြောင့် ရေနံထုတ်လုပ်မှုအပေါ် ထိခိုက်မှုရှိခဲ့သလို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ရေနံဈေးနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မြောက်ဒါကိုတာပြည်နယ်နှင့် တက္ကဆက်ပြည်နယ်တို့တွင် အပူချိန်ကျဆင်းမှုကြောင့် ရေနံတွင်းများမှ ရေနံစိမ်းထုတ်ယူမှုသည် စည်ပေါင်း (၁) သန်းအထိကျဆင်းခဲ့ပါကြောင်း၊ ၎င်းပမာဏ သည် တစ်ရက်တာအတွင်း ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်း၏ (၇ ဒသမ ၅) ရာခိုင်နှုန်းရှိပါကြောင်း၊ ရေနံဈေးနှုန်း မြင့်တက်ခြင်း သည် ရေနံကုမ္ပဏီများက အလွန်အကျွံ ဝယ်ယူခြင်းကြောင့်ဟုလည်း TD Securities မှ မဟာဗျူဟာရေးဆွဲသူ Mr. Daniel Ghali က ပြောကြားခဲ့ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ် အရေးယူ ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (Organization of Petroleum Exporting Countries – OPEC) ၏ ရေနံထုတ်လုပ်မှုကို လျော့ချခြင်းကြောင့်လည်း ရေနံဈေးနှုန်းမြင့်တက်လာခြင်းကို ထိန်းရန်ခက်လာခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလ (၇) ရက်နေ့၊ အစ္စရေး-ဟားမက်စ် ပဋိပက္ခမတိုင်မီ ရက်သတ္တပတ် (၆) ပတ်ဆက်တိုက် ရေနံဈေးနှုန်း တစ်စည်လျှင် အမေရိကန် ဒေါ်လာ (၇၀) အထိရှိခဲ့ပြီး အဆိုပါဈေးနှုန်းသည် ဟူသီများက ပင်လယ်နီတွင် ရေနံတင်သင်္ဘောကို တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်းရှိ ဈေးနှုန်းဖြစ်ကြောင်း၊ JP Morgan ၏ လေ့လာစောင့်ကြည့်သူပညာရှင်များက ရေနံဈေးနှုန်းအပေါ် ပထဝီနိုင်ငံရေးအရ သက်ရောက်မှုမရှိနိုင်ကြောင်း၊ Citi Research ၏ လေ့လာမှုအရ ၂၀၂၅ ခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ပျမ်းမျှ (၁ ဒသမ ၂) သန်းလိုအပ်မည်ဟု ခန့်မှန်းထားသဖြင့် ပဋိပက္ခကြောင့် ရေနံဖြန့်ဖြူးမှုအပေါ် ထိခိုက်မှုရှိလျှင် (သို့မဟုတ်) လောင်စာဆီထုတ်လုပ်မှုသည် မျှော်မှန်းချက်ထက် ကျော်လွန်ခဲ့လျှင် ရေနံမထုတ်လုပ်ဘဲဆိုင်းငံ့နေသည့် ရေနံထုတ်လုပ်ရန် အလားအလာရှိသောနိုင်ငံများ (Idle output potential)မှ အဆိုပါကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.wsj.com/finance/commodities-futures/oil-prices-increase-charts-red-sea-crisis297fdd01?mod=hp_lista_pos1

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး)**

# STOCK EXCHANGE (1.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,633 (Shares) | 7,341,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 179 | 1,552,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,950 | 2,950 | 2,900 | 1,103 | 3,203,850 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 7 | 56,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 21 | 32,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 50 | 125,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,900 | 1,950 | 1,850 | 707 | 1,334,650 | 19,977,223 | 37,957 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 24 | 112,800 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 542 | 924,250 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 1st Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.43 | -0.19 | -0.05% | 366.49 | 367.36 | 364.67 | 2,633 | 7,341,200 | 8 | 691,150 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 2nd Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,498 (Shares) | 27,551,700 (MMK) |

| MYANPIX | 367.34 ▲ 0.91 |
|---|---|
| Total Volume (shares) | 4,498 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 1,750 | ▲ 0 |